ပင်စိမ်းပင်

ပင်းတယမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပင်စိမ်းပင်ကျေးရွာ၊ ပင်းတယမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီ အစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊

ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဩဂုတ် ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ပင်စိမ်းပင်ကျေးရွာ
ပင်းတယမြို့နယ်

ပင်စိမ်းပင်ကျေးရွာ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	ကျေးရွာသယံဇာတပြမြေပုံ	
၁	**တည်နေရာနှင့် ပထဝီဝင်အနေအထား**	၅
၂	**ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**	၅
၃	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**	၅
၄	**စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**	
	(က)သီးနှံစိုက်ပျိုးရေး	၆
	(ခ)မွေးမြူရေးလုပ်ငန်း	၇
	(ဂ)ငါးလုပ်ငန်း	၇
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၇
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၇,၈
၅	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	
	(က)ကျေးလက်သယ်ယူပို့ဆောင်ရေး	၈
	(ခ)ကျေးရွာမီးလင်းရေး	၈
	(ဂ)သတင်းနှင့် ဆက်သွယ်ရေး	၈
၆	**ပညာရေး**	၈,၉
၇	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**	၉
၈	**ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၉,၁၀
၉	**ကျား-မ ရေးရောကိစ္စရပ်ဆိုင်ရာ**	၁၀
၁၀	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**	၁၁

နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၂
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဧယားများ	-
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဧယား	၁၃
	နောက်ဆက်တွဲ(၄)နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက်	၁၄



၁။ တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ပင်စိမ်းပင်ကျေးရွာသည် ပင်းတယမြို့ တောင်ဖက်တွင် တည်ရှိပြီး ပင်းတယ-အောင်ပန်း ကားလမ်းမကြီး ပေါ်တွင် တည်ရှိသည်။ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက စီးပွားရေး လုပ်ငန်းမှာ စိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။မွေးမြူရေးလုပ်ငန်းကိုလည်း တပိုင်တနိုင် လုပ်ကိုင်ကြသည်။တစ်နှစ်ပျမ်းမျှ မိုးရေချိန် လက်မ ( )ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြု သည်။ရေအရင်းမြစ်ရရှိနိုင်သည့် ဧရိယာ ကျယ်ဝန်းသော်လည်း လက်ရှိရေကန် အနေအထားအရ ရေသွင်း နိုင်သည့် ဧရိယာမှာ ၁၂ဧကကျော်ကျော် ခန့်သာရရှိနိုင်သည်။လူတို့သောက်သုံးရန် အတွက် လုံလောက်စွာရရှိပြီး ၎င်းရေကို ရေစည်လှည်းဖြင့် ကျေးရွာပေါင်း(၃)ရွာအထက် ခပ်သုံးနေကြရပါသည်။လယ်ယာမြေ များသည် စပါး၊ အာလူး၊ခရမ်းချဉ်နှင့် အခြားသီးနှံမျိုးစုံ တို့ကို စိုက်ပျိုးထုတ်လုပ်ရန် နှင့် အသက်မွေးဝမ်းကျောင်းရန် တို့အတွက် အဓိကအားထားရာဖြစ်သည်။အချို့သောတောင်သူများသည် လယ်မြေရှိကြသဖြင့် လယ်သိမ်းပြီး သည့် အချိန်နွေရာသီတွင် ရေခြံအဖြစ်လုပ်ကိုင်ကြပြီး ဟင်းသီးဟင်းရွက်ကိုသာ အဓိကထား စိုက်ပျိုးကြပါ သည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် အအေးပိုင်းဒေသဖြစ်ပြီး ရာသီဥတု ကောင်းမွန်ပါသည်။သို့သော် သစ်တောများပြုန်းတီး လာမှုကြောင့် ရာသီဥတု ဖောက်ပြားတတ်ပါသည်။သဘာဝရင်းမြစ်များအနေဖြင့် လယ်ယာမြေ အသင့်အတင့် ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ပါ။သဘာဝ တိရစ္ဆာန်မျိုးစိတ်များ လက်လှမ်းမီမှု ခက်ခဲပြီး သဘာဝဆေးဘက်ဝင် အပင်များ အနည်းငယ်ခန့်သာ ရရှိနိုင်သည်။တောင်သူအများစုသည် ရေကန်မှစိုက်ပျိုးရေကို ရရှိသော်လည်း ၁၂ ဧက ကျော်ကျော်ခန့်သာ ၎င်းရေဖြင့် စိုက်ပျိုးနိုင်ပြီး ကျန်လယ်ယာမြေများမှာ မိုးရေကိုသာ အဓိက ထားစိုက်ပျိုး ကြသည်။ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧကမှာ ၂၀၀.၂၅ ဧက ရှိပြီး စပါး ၊အာလူး၊ခရမ်းချဉ်နှင့် အခြားသီးနှံမျိုးစုံ တို့ကို အဓိက စိုက်ပျိုးကြသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု အပိုင်းကို လေ့လာခြင်း အားဖြင့်ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုအနည်းငယ်သာ တွေ့ရပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမ်ခန့်ခွဲမှုအခြေအနေ

ပင်စိမ်းပင်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၄၅)စုနှင့် ကျား(၁၀၀)၊ မ(၉၇)ဦးဖြင့် လူဦးရေ ပေါင်း(၁၉၇)ဦးရှိပါသည်။ကျေးရွာတွင် ပအိုဝ်းလူမျိုးများအများစုနေထိုင်ကြပြီး ခနု၊တောင်ရိုး၊ဗမာစသည့် လူမျိုးများလည်း အနည်းငယ် နေထိုင်ကြသည်။အလုပ်လုပ်နိုင်သည့် အရွယ်သည် ကျေးရွာရှိ လူဦးရေအားလုံး ၆၄.၅% ရှိပြီး အမျိုးသားနှင့် အမျိုးသမီးဦးရေမှာ

များစွာကွာ ခြားမှုမရှိသည့်အတွက် အမျိုးသမီးများ လုပ်ကိုင်နိုင်သည့် အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီး ပေးနိုင်ပါက လူစွမ်းအား အရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက်ပိုမို အထောက်အအကူပြု စေနိုင်ပါမည်။ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေးအဖွဲ့၊ ဘာသာရေးနှင့် ယာဉ်ကျေးမှုအဖွဲ့တို့ရှိကြပြီး ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး ၊လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်ဆောင်ကြသည်။

ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများဖြစ်သော ဂျပန်နိုင်ငံမှ ယူအင်န်ဟက်ဖ် ပီးတက်အဖွဲ့ သာရှိပြီး ကျေးရွာသူ/သားများ၏ ဘက်စုံဖွံ့ဖြိုးရေး ကဏ္ဍအသီးသီး အတွက် လိုအပ်သော အကူအညီများအား ကျေးရွာဖွံ့ဖြိုးရေးကော်မတီ အဖွဲ့နှင့်အတူ စီမံခန့်ခွဲ ဆောင်ရွက်ပေးကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကို ၂၀၁၄ခုနှစ်က ကျေးရွာချင်းဆက်လမ်း အရှည်ပေ ၁၈၀၀ကျော်နှင့် ရေကျော်တံတား(၂)စင်းအတွက် ငွေသား ၄၆သိန်း ထောက်ပံ့ပေးခဲ့ပါသည်။အခြားပြင်ပ အဖွဲ့အစည်းများ ဝင်ရောက်ခြင်းမရှိပဲ ကျန်ရှိသောကဏ္ဍများပါ တိုးတက်လာရန်အတွက် အခြားသော သက်ဆိုင်ရာ အဖွဲ့အစည်း များနှင့် ချိတ်ဆက်ရန်လိုအပ်နေပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ပင်စိမ်းပင်ကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၁၅.၅)ဧကနှင့် ယာမြေ(၁၇၈.၅)ဧက နှစ်ရှည်သီးနှံစိုက်ခင်း (၁၂၀.၅)ဧကနှင့် အိမ်ခြံဝင်းစိုက်ခင်း(၆)ဧက စုစုပေါင်း(၂၀၀.၂၅)ဧက ရှိပါသည်။ မြေယာမဲ့ အိမ်ထောင်စု(၁၁) စု၊ ၂.၅ဧကအောက်ဆင်းရဲသားတောင်သူ(၁၄)အိမ်ထောင်စု၊ ၂.၅ဧကမှ၅ဧကကြား တောင်သူငယ် (၈)အိမ်ထောင်စု၊ ၅ဧကမှ ၁၂.၅ဧကကြား တောင်သူလတ်(၇)အိမ်ထောင်စု၊ ၁၂.၅ဧကအထက် တောင်သူကြီး(၅)စု စသည်တို့ရှိကြပြီး အဓိကအားဖြင့် စပါး၊ အာလူး၊ခရမ်းချဉ်၊ စသည့်သီးနှံမျိုးစုံများကို စိုက်ပျိုးကြသည်။မြေယာမဲ့ အိမ်ထောင်စုနှင့် ဆင်းရဲသောအိမ်ထောင်စုများမှာ နေ့စားကျပန်းနှင့် ရာသီအလိုက် လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်ကြပါသည်။

စီးပွားရေးအနေဖြင့် သင့်တင့်မျှတသည်ဟု ဆိုနိုင်သော်လည်း စိုက်ပျိုးရေးကိုအခြေခံသော ကျေးရွာ ဖြစ်သည့်အတွက် သီးနှံဈေးကွက်ပေါ် မူတည်နေပါသည်။ဆန်စပါးကို ဝမ်းစာဖူလုံရေး အတွက်စိုက်ပျိုးကြပြီး ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်စွမ်းမရှိခြင်း၊ မြေဆီလွှာမကောင်းခြင်း၊ သီးနှံပိုးမွှားရောဂါကျရောက်ခြင်းများ ရှိနေပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ ကန်ရေနှင့် မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ အချို့သော မြေကွက်များမှာ ကန်ရေကိုရရှိသဖြင့် နွေရာသီကာလတွင်လည်း ရေသွင်းစိုက်ပျိုးနိုင်ကြသည်။ အဓိကအားဖြင့် စပါး၊ အာလူးနှင့် ခရမ်းချဉ် စသည့်သီးနှံများကို စိုက်ပျိုးကြသည်။ လယ်ယာသုံးပစ္စည်း အနေဖြင့် လက်တွန်းထွန်စက်(၁)စီးနှင့် ရေစုပ်စက်(၇)စီး တို့ကိုသာ ပိုင်ဆိုင်ကြသည်။စက်ပစ္စည်း မဆိုင်သူများက ထွန်စက်ဖြင့် ဌားရမ်းလုပ်ကိုင်နေသော တောင်သူ ၂၈ ဦးခန့်ရှိပြီး တစ်နာရီလျှင် ထွန်ထယ်ခ (၂၀၀၀)ကျပ်နှုန်း ပေးဆောင်ရပါသည်။ ကျွဲ၊ နွားများ နှင့် လည်းထွန်ယက်စိုက်ပျိုးကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓါတု ပိုးသတ်ဆေး စသည်များကို အောင်ပန်းမြို့နှင့် ပင်းတယမြို့တို့တွင် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ကြပါသည်။ သီးနှံစျေးကွက် နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်ကြသည်။စိုက်ပျိုမြေများတွင် မြေဆီလွှာ ပျက်စီးခြင်း၊ ပိုးမွှားရောဂါများ ကျရောက်တတ်ခြင်း၊ စိုက်ပျိုးမြေ မတိုးချဲ့နိုင်ခြင်း၊ လယ်ယာသုံးပစ္စည်း မလုံလောက်ခြင်းများရှိနေပါသည်။သီးနှံထုတ်လုပ်မှုအတွက် ပြဿနာများမှာ မြေအရည်အသွေး မကောင်းခြင်း၊ စိုက်ပျိုးရေး ဓါတုမြေဩဇာအသုံးပြုမှု နည်းမမှန်ခြင်း၊ မျိုးမကောင်းခြင်း၊ စျေးကွက်ခက်ခဲခြင်းတို့ဖြစ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ပင်စိမ်းပင်ကျေးရွာတွင် နွားမွေးမြူထားသော အိမ်ထောင်စု(၃၅)စုရှိပြီး နွားကောင်ရေ(၁၀၅) ကောင်၊ ကျွဲမွေးမြူထားသောအိမ်ထောင်စု(၂)စုရှိပြီး ကျွဲကောင်ရေ(၅)ကောင်၊ ဝက်မွေးမြူထားသော အိမ်ထောင်စု (၁)စု ရှိပြီးဝက်ကောင်ရေ(၂)၊ ကြက်မွေးမြူထားသော အိမ်ထောင်စု(၇)စုရှိပြီး ကြက်ကောင်ရေ (၄၀) ရှိပါသည်။ အချို့ အိမ်ထောင်စုများမှာ နွားကိုနွားချေးရရန်အတွက် မွေးမြူကြပါသည်။ကျွဲ၊ နွားများကို စိုက်ပျိုးရေး လုပ်ငန်းတွင် အသုံးပြုရန် မွေးမြူကြခြင်း ဖြစ်သည်။

ကျေးရွာတွင် စားကျက်မြေ ဧရိယာ ကျယ်ပြန့်စွာ ရရှိသည် သာမက နွေရာသီတွင် ရေလုံလောက်မှု ရှိပါသည်။အိမ်ခြံဝင်းအတွင်း၌လည်း မြေနေရာ လုံလောက်စွာ ရရှိပါသည်။အိမ်ခြံဝင်းအတွင်း၌လည်း မြေနေရာ လုံလောက်စွာ ရရှိနိုင်ပါသည်။ဝန်ဆောင်မှု စျေးကွက် အခွင့်အလမ်း ကောင်းများစွာ ရရှိပါသည်။ သို့သော် သွင်းအားစု စျေးကွက်မြင့်မားပြီး

မျိုးတိုးရန်ဆာန် လက်လှမ်းမီမှု မရှိသလို ချေးငွေများလည်း မရရှိပါ။ထို့ကြောင့် ထုတ်ကုန်ရောင်းဝယ်မှု မရရှိနိုင်ပါ။ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လိုသော်လည်း ချေးငွေများ မရရှိနိုင်၍ အခက်အခဲများစွာ ရင်ဆိုင်နေကြရပါသည်။ဒေသရှိ ကွဲ၊ နွားများ ကူးစက် ရောဂါဖြစ်ပွားမှုနှုန်း နိမ့်ပါးနေပါသည်။နို့စားနွားများ မွေးမြူသော်လည်း နွားကျောင်းသားမရှိသည့် အတွက် တို့ချဲ့ မွေးမြူနိုင်ရန် မလွယ်ကူသည့်အပြင် နည်းစနစ် မှန်ကန်စွာ ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးနိုင်သူ မရှိပါ။

(ဂ) ငါးလုပ်ငန်း

ကျေးရွာသည် တောင်ပေါ်တွင်တည်ရှိသောကြောင့် ငါးလုပ်ငန်းဆောင်ရွက်မှုမရှိပါ။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူနည်းပါးပါသည်။ကျပန်းလုပ်သားများသည် အများဆုံးအားဖြင့် ဝင်ငွေရရှိရန် စိုက်ပျိုးရေးလုပ်ငန်းခွင်များတွင် နေ့စားအဖြစ် ဝင်ရောက် လုပ်ကိုင် ကြပါသည်။ အခွင့်အလမ်းအနေဖြင့် လုပ်သားအင်အားရှိခြင်း၊ ဈေးကွက်အသင့်အတင့် ရှိပါသည်။ ကျေးရွာတွင် အိမ်ထောင်စု အားလုံးနီးပါး ဆိုလာစနစ်ဖြင့် အသုံးပြုနေကြပြီး အချို့သောအိမ်ထောင်စုများမှာ ကောင်းမွန်စွာ အသုံးပြုနိုင်ပေမယ့် မိုးရာသီ၌ လုံလောက်စွာ အသုံးပြုနိုင်ခြင်း မရှိပေ။ကျေးရွာတွင် စိုက်ပျိုး ရေးကိုသာ အဓိကလုပ်ကိုင်ကြခြင်း၊ ဈေးကွက်လေ့လာနိုင်မှု အားနည်းခြင်း၊ ကုန်စည်တင်ပို့ရောင်းချရာတွင် ဈေးနှုန်းများ မှန်ကန်မှုမရှိခြင်း၊ အသက်မွေးဝမ်းကျောင်း နည်းပညာတတ်မြောက်မှု မရှိခြင်းတို့ကြောင့် အခြားဝင်ငွေရ လုပ်ငန်းလုပ်ကိုင်ရန် စိတ်ဝင်စားသူနည်းပါးပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် စိုက်ပျိုးရေးဘဏ်နှင့် အဖွဲ့အလိုက် ငွေစုငွေချေးအဖွဲ့နှင့် မိတ်ဆွေနှင့် ဆွေမျိုးများထံမှ စိုက်ပျိုးရေးအတွက် ချေးငွေကိုရရှိကြသည်။အချို့မှာဆွေမျိုးများထံမှ ဘက်စုံလိုအပ်မှုအတွက် ချေးယူ ကြသည်။ဆွေမျိုးများထံတွင် ချေးငှားရာ၌ အပေါင်ခံပစ္စည်းမလိုအပ်ပဲ အတိုးအနည်းငယ်သာပေး၍ ပြေလည်ချိန်မှသာ ပြန်လည် ပေးဆပ်ကြသည်။ချေးငွေကို စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဝင်ငွေရလုပ်ငန်းလုပ်ကိုင်ရန်အတွက် ချေးယူကြပါသည်။ကျေးရွာအတွင်း ချေးငွေလိုအပ်ချက် များပြားမှုကြောင့် ပုဂ္ဂလိကဘဏ်များမှ အတိုးနှုန်း သက်သာစွာဖြင့် ကာလရှည်ချေးငွေများထုတ်ပေးပါက မိသားစု စားဝတ်နေရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စများ အတွက် မှီခိုအဆင်ပြေနိုင်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးနှင့် သွားလာရလွယ်ကူရေးအတွက် မော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီများ၊ နွားလှည်းများကိုသာ အဓိကထားအသုံးပြုကြသည်။လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်ခြင်းကြောင့် ကုန်စည်စီးဆင်းမှုမှာလည်း လျင်မြန်လာပါသည်။သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင်ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ်ပြဿနာများ ဖြစ်ပေါ်လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများသည် ကျောက်ချောလမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံး အသုံးပြုနေကြရပါသည်။အခြားရေခဲသွားလမ်းသည် လမ်းကျယ်နေပါသော်လည်း လမ်းတာရှည်ပါသဖြင့် ကျေးရွာအားနှင့် ရေနွေတ်မြောင်း ရေကျောတံတားများ လိုအပ်သည့် နေရာတွင် မဆောက်လုပ်နိုင်ပါသဖြင့် မိုးရာသီရေတိုက်စားပြီး လမ်းများပျက်စီးလွယ်ပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် ဆိုလာမီးသုံးစွဲသော သုံးစွဲသော အိမ်ထောင်စု(၄၅)စု ရှိပါသည်။လျှပ်စစ်မီး မသုံးစွဲနိုင် သောကြောင့် ကျောင်းသူ/သားများ စာကျက်ချိန်တွင် အခက်အခဲရှိခြင်းနှင့် ချက်ပြုတ်ရေးအတွက် ထင်းခုတ်ယူများရှိနေပါသည်။ထင်းခုတ်ယူမှုများပြားခြင်းကြောင့် သစ်တောများပြုန်းတီးလာပြီး ရာသီဥတုများ ဖောက်ပြန်လာပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၄၈)လုံး၊ရေဒီယို(၃)လုံး၊ဂြိုလ်တု စလောင်း (၃)လုံး၊ တီဗွီ(၁၉)လုံးတို့မှ ရရှိပါသည်။ဖုန်းလိုင်းရရှိသည့်အတွက် သတင်းနှင့် ဆက်သွယ်ရေး တို့အတွက် အဆင်ပြေပါသည်။

(ဃ) ပညာရေး

ကျေးရွာတွင်းရှိ မူလတန်းကျောင်းမရှိသောကြောင့် မူလတန်းပညာကို (၆)ဖာလုံ ကွာဝေးသည့် ရွာသို့ သွားရောက်ပညာသင်ကြားရပါသည်။အလယ်တန်း၊ အထက်တန်းပညာကို ကျုံးကျေးရွာတွင် သွားရောက် သင်ကြားကြရသည်။လက်ရှိအချိန်တွင် ပညာရေးကို ဦးစားပေး လာကြသော်လည်း ယခင်အချိန်က ပညာရေးစိတ်ဝင်စားမှုနည်းပါးခြင်းကြောင့် စာမတတ်သူနှင့် မူလတန်း ပညာသာတတ်မြောက်မှုရှိကြပါသည် မြို့ပြနှင့်နီးခြင်းကြောင့် ပညာရေး အဆင့်အတန်း အတန်အသင့် ရှိပါသည်။အထက်တန်း၊ တက္ကသိုလ်ပညာ တတ်မြောက်သူများလည်းရှိပါသည်။၂၀၁၇ခုနှစ် ပင်စိမ်းပင်ကျေးရွာ စာသင်ကျောင်းကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းမင်းထွဋ် မှ ဆောက်လုပ်ပြီးစီးပါက ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းသား/သူများ ကျေးရွာတွင် ကျောင်းတက်နိုင်ကြမည်ဖြစ်ပြီး ကျောင်းဆရာ/မ (၃)ဦးခန့် လိုအပ်လာပါလိမ့်မည်။

၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ပင်စိမ်းပင် ကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုကို ကျေးရွာနှင့်(၃)မိုင်ခန့် ကွာဝေးသည့် ပွေးလှ တိုက်နယ် ဆေးရုံတွင် ရရှိနိုင်ပါသည်။ရွာသူ/သားများတွင် ရောဂါအန္တရာယ်ကြီးမားစွာ ကျရောက်မှု မရှိပဲ သာမန်ရာသီအလိုက် ဖြစ်ပွားတတ်သော ဖျားနာခြင်း၊ ဆီးချို၊ သွေတိုးတို့သာ အဖြစ်များပါသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ရောဂါပြင်းထန်သည့် လူနာများသည် ပွေးလှတိုက်နယ်ဆေးရုံသို့လည်းကောင်း ၊ ပင်းတယမြို့နယ်ဆေးရုံသို့လည်းကောင်း သွားရောက်ကုသမှုခံယူကြရပါသည်။ကျေးရွာတွင် ရောဂါပြင်းထန် သည့် လူနာများသည့် အခက်အခဲဖြစ် နေရပါသည်။နှောင့်နှေးမှုများမရှိစေရေးအတွက် ကျေးရွာတွင်း ဆေးပေးခန်းရရှိရန် ကျေးရွာသူ/သားများမှလိုလားနေကြပါသည်။ ကျေးရွာတွင် ကျန်းမာရေးနှင့် ပတ်သက် သည့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်နိုင်ရန်လိုအပ်နေပါသည်။

ကျေးရွာတွင် သောက်သုံးရေရရှိမှုမှာ လုံလောက်စွာ ရရှိသော်လည်း သန့်ရှင်းမှု မရှိပါ။အဘယ်ကြောင့် ဆိုသော် နွားလှည်းများဖြင့် သယ်ယူရသောကြောင့် ရေတွင်းရေကန်အနီးတဝိုက် ဗွက်များထူထပ်ပြီး နွားများမှ စွန့်ပစ်သော အညစ်အကြေးသည် ရေတွင်းရေကန်အတွင်းသို့ ဝင်နိုင်သောကြောင့် ဖြစ်ပါသည်။သောက်သုံး ရေမှာ နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး လုံလောက်မှုရှိပါသည်။

ပင်စိမ်းပင် ကျေးရွာတွင် တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ အသုံးပြုသော အိမ်ထောင်စု (၂၈)စု၊ ကျင်းအိမ်သာ အသုံးပြုသောအိမ်ထောင်စု (၁၇)စုရှိပါသည်။ အချို့ငွေကြေးမတတ်နိုင်သော အိမ်ထောင်စုသည် ကျင်းတက်ကိုအသုံးပြုကြသည်။အချို့သောထောင်စုများမှာ အိမ်ခြံဝန်း တစ်ခုတည်းတွင် နေထိုင်ကြသော ကြောင့် အိမ်သာကိုစုပေါင်းသုံးစွဲကြ ပါသည်။ကျန်းမာရေး အတွက်ကြိုတင်ကာကွယ်သော အနေဖြင့်ကျေးရွာ သူ/သားများအတွက် ကျန်းမာရေးနှင့် ပတ်သက်သည့် ဟောပြောပွဲများ ပြုလုပ်ပေးရန် ဆန္ဒရှိနေကြ ပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝ ဘေးအန္တရာယ်ကြီးမားစွာကျရောက်မှုမရှိပါ။ ဘေးအန္တရာယ် ကျရောက်လာပါလည်း ကာကွယ်ရန်နည်လမ်းများလည်း ထားရှိမှု မရှိပါ။အမှိုက်စွန့်ပစ်ရာ တွင်လည်း စနစ်တကျစွန့်ပစ်မှုမရှိသေးပါ။သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်သည့် ပညာပေးရန် လိုအပ်နေပါသည်။ထိုမှသာလျှင် ကျေးရွာသူ/သားများအနေဖြင့် ကောင်းကျိုး၊

ဆိုးကျိုးများကိုခွဲခြားလာနိုင်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင်လာမည်ဖြစ်ပါသည်။

၉။ ကျား-မရေားရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အလုပ်လုပ်နိုင်သောအမျိုးသမီးဦးရေနှင့်အမျိုးသားဦးမှာ များစွာသောကွာဟမှု မရှိပါ။ ကျေးရွာရှိအဖွဲ့အစည်းများတွင် အမျိုးသမီးများအနေဖြင့် ပါဝင်နိုင်မှုည်းပါးပါသည်။ကျေးရွာအုပ်ချုပ်ရေး ပိုင်းတွင် အမျိုးသမီးပါဝင်မှု မရှိသလောက်နည်းပါးသော်လည်း ကျေးရွာ သာရေးနာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်လှုပ်ရှားကြပါသည်။ အမျိုးသမီးများသည် လုပ် ငန်းခွင်တွင်လည်း လုပ်အားခရရှိမှုမှာ အမျိုးသားများထပ်နည်းပါးပါသည်။ထိုမတူညီသော လုပ်အားခများသည် အမျိုးသမီးများ၏ စိတ်ဓါတ် အရည်အသွေးကို လျော့ကျစေပါသည်။အမျိုးသမီးများ၏ စိတ်ဓါတ်အရည်အသွေးကို မြင့်တင်ပေးပြီး ကျေးရွာရှိစီးပွားရေး၊ လူမှုရေး ၊အုပ်ချုပ်ရေး စသည်တို့တွင်ပါဝင်လာနိုင်ရန်အတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်၍ အမျိုးသမီးများပါဝင် အောင်စည်းရုံးလုပ်ဆောင်ရန် လိုအပ်နေပါသည်။

၁၀။ ပင်စိမ်းပင်ကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	ကျေးရွာအုပ်စုအမည် – နန်းကုန်း		ကျေးရွာအမည် –ပင်စိမ်းပင်	မှတ်ချက်
	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	အခြေခံ ပညာရေးဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	မူလတန်းကျောင်းနှင့်ဆရာ/မရရှိရန်	
၂	အခြေခံ အဆောက်အဦ	ကျေးလက်လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	သံကွန်ကရစ်တံတားတည်ဆောက်ရန် (၂၂'×၄'×၄'×)	
၃	အခြေခံ ပညာရေးဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	သောက်ရေကန်ဘောင်တင်ခြင်းနှင့်ပြုပြင်ခြင်း(၂၃၀'×၂၀၀'×၅)	
၄	ဒွေကြေး	ရပ်ရွာအခြေပြု ဒွေကြေး ဝန်ဆောင်မှုများ	အရင်းအနှီး(စိုက်ပျိုးရေး)(မွေးမြူရေး)	
၅	ဒွေကြေး	ရပ်ရွာအခြေပြု ဒွေကြေး ဝန်ဆောင်မှုများ	အသက်မွေးဝမ်းကျောင်းသင်တန်း (ကွန်ပျူတာသင်တန်း)(အိမ်တွင်းမှူ)	

နောက်ဆက်တွဲ(၁)

ပင်စိမ်းပင်ကျေးရွာဖွံ့ဖြိုးရေးကော်မတီများစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးသိန်းကျော်	ဦးစံဝင်း	၁၃/ပတယ(နိုင်)၀၅၁၅၀၆	၃၀	ဥက္ကဋ္ဌ	၀၉-၂၅၄၇၃၂၃၅၀	
၂	ဦးစံတီ	ဦးပြဲ	၁၃/ပတယ(နိုင်)၀၄၁၄၇၄	၃၉	စာရင်းကိုင်		
၃	ဒေါ်နှင်းဆီ	ဦးပြဲ	၁၃/ပတယ(နိုင်)၀၅၃၀၆၄	၄၄	ဘဏ္ဍာရေးမှူး		
၄	ဒေါ်စိုးဝါ	ဦးဖူး	၁၃/ပတယ(နိုင်)၀၃၀၃၄၃	၄၂	သော့ကိုင်	၀၉-၂၅၃၅၁၂၉၁၄	
၅	ဦးလှထွန်း	ဦးဆိုး	၁၃/ပတယ(နိုင်)၀၄၁၄၆၉	၄၀	အဖွဲ့ဝင်		
၆	ဦးစိုးမောင်	ဦးအောင်ကြပ်	၁၃/ပတယ(နိုင်)၀၅၃၀၇၄	၃၀	စာရင်းစစ်		
၇	ဦးစိန်မောင်	ဦးပွေး	၁၃/ပတယ(နိုင်)၀၅၁၅၁၉	၃၆	အဖွဲ့ဝင်		

ဖွံ့ဖြိုးရေးဗျူဟာစည်ဆောက်မှုအခြေပြဇယား (ပင်စိမ်းပင်)ကျေးရွာ

စဉ်	ပြဿနာ	အကြောင်းရင်း	အဆင့်အနေအထား	အဟန့်အတားအနှောင့်အယှက်	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	ရတောကိုတစ်ကြိမ် လမ်းမကြီးချစ်ခြင်း	ရထားနှင်တံတားမရှိ	ကြိုတင်လုပ်ဆောင်ပေးခြင်း		ကြေးကြိုးဖြင့် ချိတ်ဆက်၍ အကူအညီ တောင်းခံမည်	သံတူးနှင်ကရစ်တံတား တည်ဆောက်ရန် (၂၂' x ၄' x ၄')
၂	ဘောက်ရကောန်တာမိလ်ကြီး သန့်ရှင်းမှုမရှိ	ရကောန်တောင်းမှ မိုးရာသီတွင် နန်းမြောင်းဝင်			ကြေးကြိုးဖြင့် ချိတ်ဆက်၍ အကူအညီ တောင်းခံမည်	ရကောန်တောင်းခြင်း နှင့်ကားရပ်ဖြင်းခြင်း (၂၃၀' x ၂၀၀' x ၅')
၃	စတိုပ်ပျိုးမ ဖြည့်ရောဂါခြင် မလပုန်ိုင်	အရင်အနှီမရှိ			ကြေးကြိုးဖြင့် ချိတ်ဆက်၍ အတိုန်း သက်သာစေရန် ဖြစ်ရပ်ိုန်	အရင်အနှီးစတိုပ်ပျိုးမ ဖြည့်ရောဂါ
၄	အလပုလ်ကမ်းခဲ့ငင် မွေရှိ	အသက်မွေးမှုကြောင်း ပညာတတ်			ကြေးကြိုးဖြင့် ချိတ်ဆက်၍ အကူအညီ တောင်းခံမည်	အသက်မွေးမှုကြောင်း သင်တန်း(ကန်ပ်များက အမိတ်ဝင်မှု)
၅	မလူတန်းက ချောသောများ အခြားရွာတို ချား သွားကရသဖြင့်အခက်အခဲ ရှိသည်မိုတွင်မှ ခရိုက်သည်	မလူတန်းက ချမရှိ က ချောရ/မ လဖိုပ်	က ချောင်းတောင် ကောရန် အလှူရှင်ရှိ	ဆရ/မ မရှိ	မလူတန်းက ချောင်းဖွင့်ခွင့် ရရန်ပြုယပ်ညှောင်း ဌနှင့်ဆက်သွယ်မည်	မလူတန်းက ချောနှင့်ဆရ/မ ရရှိန်

ပင်စိမ်းပင်ကျေးရွာ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများလျာထားချက်

စဉ်	အဆိုပြု လုပ်ငန်းများ	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂
၁	မူလတန်းကျောင်းနှင့်ဆရာ/မရရှိရန်	၁	✓				
၂	သံကွန်ကရစ်တံတားတည်ဆောက်ရန် (၂၂'×၄'×၄')	၂		✓	✓		
၃	သောက်ရေကန်ဘောင်တင်ခြင်းနှင့်ပြုပြင်ခြင်း (၂၃၀'×၂၀၀'×၅)	၃	✓	✓			
၄	အရင်းအနှီး(စိုက်ပျိုးရေး)(မွေးမြူရေး)	၄	✓	✓	✓	✓	
၅	အသက်မွေးဝမ်းကျောင်းသင်တန်း (ကွန်ပျူတာသင်တန်း)(အိမ်တွင်းမှု)	၅	✓	✓	✓	✓	